မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
November 6, 2024 Volume 84, Number 3

| ၆.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၉.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၀၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၈၄ ကျပ် |

# ဓာတ်မြေဩဇာ ရန်ကုန်အထိုင်ရည်ညွှန်းဈေး အမျိုးအစားအလိုက်ငွေကျပ် ၁၀,၀၀၀ ထပ်မံမြင့်တက်လာ



ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီက ထပ်မံ သတ်မှတ်လိုက်သည့် ဓာတ်မြေဩဇာ ရည်ညွှန်းဈေးများအပြောင်းအလဲရှိပြီး ထပ်မံမြင့်လာကြောင်း ဖော်ပြထားသည့်ဈေးနှုန်းများအရ သိရသည်။

ကော်မတီအနေဖြင့် တောင်သူများအဓိကသုံးစွဲနေသည့်မြေဩဇာအမျိုးအစား ၃ မျိုးကို ရည်ညွှန်းဈေး သတ်မှတ်ထုတ်ပြန်ပေးထားခြင်းဖြစ်ပြီး နိုဝင်ဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အဆိုပါ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးရမည်ဖြစ်ကြောင်း သိရသည်။

ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၇,၀၀၀၊ Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၄,၀၀၀ နှင့် Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတအိတ်လျှင် ငွေကျပ် ၁၃၇,၀၀၀ သတ်မှတ်ထားသည်။

ယခင်ဈေးနှုန်းထက် ယူရီးယားမြေဩဇာတစ်အိတ်လျှင် ကျပ် ၁၀,၀၀၀ ဝန်းကျင် ထပ်မံမြင့်လာပြီး၊ Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင်ငွေကျပ် ၉၀၀၀ မြင့်လာခြင်းဖြစ်သည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ယင်းဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးနှုန်းများသာဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်အပေါ်မူတည်ပြီး ဒေသအလိုက်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိနိုင်ကြောင်း မြန်မာနိုင်ငံမြေသြဇာ၊မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းက အသိပေးထုတ်ပြန်ထားသည်။

ယခု ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းရန် လျာထားပြီး ၂၀၂၄ ဘဏ္ဍာနှစ်အစမှ ဇူလိုင် ၂၂ ရက် အထိ ဓာတ်မြေသြဇာ တန်ချိန် ၄ ဒသမ ၃၄ သိန်း တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ကြံတစ်တန်ကို ၂၀၀,၀၀၀ ကျပ်နဲ့ မြဘုရင်သကြားစက်က ဈေးစဖွင့်လာ



ယခုနှစ် ၂၀၂၄ – ၂၀၂၅ ခုနှစ် ကြံရာသီမှာ ရှမ်းပြည်နယ်ရှိ သကြားစက်ရုံတစ်ခုက ကြံတစ်တန်ကို ၂၀၀,၀၀၀ ကျပ်နဲ့ ဈေးစဖွင့်ပြီး ကျန်တဲ့ သကြားစက်ရုံတွေက ဈေးတန်းဖွင့်ခြင်း မရှိသေးဘူးလို့ သိရသည်။

ရှမ်းပြည်နယ် ရွှေညောင်မြို့ရှိ မြဘုရင်သကြားစက်က စက်ရုံအရောက်ဈေး ကြံတစ်တန်ကို ၂၀၀,၀၀၀ ကျပ်အဖြစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ ဈေးစဖွင့်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်ထက် ၅၀,၀၀၀ ကျပ်တိုးမြှင့်ကာ ဈေးဖွင့်လာတာဖြစ်ပါတယ်။

" အခုတော့ ဒီစက်ရုံတစ်ခုပဲဈေးဖွင့်သေးတယ်။ မနှစ်ကလည်း မြဘုရင်ကအရင်ဈေးဖွင့်တာပဲ။ ခုနှစ်က သကြားဈေးတော်တော်တက်နေတာလေ ကြံတစ်တန်၂ သိန်းကနေ ၂ သိန်းခွဲရမှ အဆင်ပြေမှာကို အခု ၂ သိန်းဆိုတော့ မဆိုးဘူးပေါ့" ဟု ကြံစိုက်တောင်သူတစ်ဦးက ပြောပြသည်။

လက်ရှိမှာပြည်တွင်း သကြားဈေးမြင့်တက်လာတာကြောင့် စက်ရုံတွေက ကြံဝယ်ယူရတဲ့ဈေးကို မြင့်တက်ပေးလာတာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ကြံတစ်တန်ကို ၂၀၀,၀၀၀ သိန်း ကျပ်ဆိုတဲ့နှုန်း ထားသည် စက်ရုံအရောက်ပို့ဆောင်ရတာဖြစ်ပြီး ကြံစိုက် တောင်သူတွေမှာ ကားခ၊ အလုပ်သမားခအပါအထွေထွေ ကုန်ကျစရိတ် နှုန်းထားအပါဖြစ်တာကြောင့် ကြံစိုက်တောင်သူအတွက် ကြံတစ်တန်ရောင်းပြီး ကျန်ငွေ ၁၅၀,၀၀၀ ဝန်းကျင်သာရရှိနိုင်တယ်လို့ သိရပါတယ်။

သကြားစက်ရုံတွေက ကြံဝယ်ယူတဲ့ဈေးနှုန်းဟာ စက်ရုံတစ်ခုနဲ့တစ်ခု ပေးတဲ့နှုန်းထားခြင်း မတူညီပေမဲ့ စက်ရုံအရောက်ပို့ရတဲ့စနစ်ခြင်းတော့ အတူတူပဲလို့သိရပါတယ်။

ကြံတစ်တန် ဈေးမတူတာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက " သကြားစက်ရုံတွေပေးတဲ့နှုန်း မတူတာကတော့ သူတို့သကြားကြိတ်ဝါးစွမ်းအားက တစ်ရက်ကိုတန် ၂၀၀၀ နဲ့ ၂၅၀၀ ထွက်တဲ့စက်ရုံအသေးလေးတွေကျထုတ်လုပ်မှုကုန်ကျစရိတ်များတော့ တောင်သူကို ပေးတဲ့နှုန်းနည်းတယ်။ တန်၈၀၀၀နဲ့ ၁၀,၀၀၀ထွက်တဲ့စက်ရုံကြီးတွေကတော့ ထုတ်လုပ်မှုကုန်ကျစရိတ်နည်းတော့ပိုပေးနိုင်တယ်၊ စက်ရုံဧရိယာခြင်းမတူလို့ ဈေးနှုန်းကလည်းမတူဘူးဖြစ်နေတာပေါ့ " ဟု ပြောသည်။

မနှစ်ကကြံရာသီမှာ သကြားတစ်ပိဿာကို ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တစ်ပိဿာကို ၃၈၂၀ မှ ၃၈၅၀ ကျပ်ရှိပြီး အခုနှစ်ကြံရာသီမှာတော့တစ်ပိဿာကို ၄၈၀၀ မှ ၅၁၀၀ ကျပ်အထိဈေးတန်းရှိနေပါတယ်။

မြန်မာနိုင်ငံမှာ သကြားစက်ပေါင်း ၂၃ ရုံရှိပြီး နှစ်စဉ်ကြံဝယ်ယူတဲ့နှုန်းထားမတူညီပါဘူး။ ပြီးခဲ့တဲ့နှစ်ကြံရာသီမှာ စက်ရုံအချို့က၁၂၅,၀၀၀ မှ ၁၃၀,၀၀၀ ကျပ် ပေးပြီး စက်ရုံအချို့က အမြင့်ဆုံး ၁၅၀,၀၀၀ကျပ် အထိ ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ကြံစိုက်တောင်သူတွေအနေနဲ့ကတော့ စက်ရုံတွေဘက်က ကြံဝယ်ယူတဲ့အခါ ဈေးနှိမ်ဝယ်ယူပါကလည်း ရွေးချယ်ခွင့်မရှိဘဲ ရောင်းချနေရတာကြောင့် ဒုက္ခရောက်နေကြကြောင်း သိရသည်။

**ချစ်ခွန်းချို(AMIA)**

**Source : https://myanmaawba.com/**

## မုံရွာမြို့နယ်တွင် မိုးနေကြာ တစ်ဧက တင်း ၂၀ ကျော်ထွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် စိုက်ပျိုးသည့် မိုးနေကြာများ တစ်ဧကတင်း၂၀ကျော်ထွက်ရှိကြောင်း နေကြာစိုက်တောင်သူများထံက သိရသည်။

" မိုးနေကြာကို အောက်တိုဘာ ၁ ရက်ကစတင် ရိတ်သိမ်းနေပါတယ်။တစ်ဧက တင်း ၂၀ ကျော် ထွက်ပါတယ် " ဟု နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။

မိုးနေကြာစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသည့် စပ်မျိုး -၁ ၊ဆင်းရွှေကြာ-၂ နေကြာမျိုးများကို စံကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုး၍မျိုးကောင်းမျိုးသန့်ရရှိရေးတို့ အတွက် ဆောင်ရွက်စိုက်ပျိုးခြင်းဖြစ်သည်။

စံကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုး၍ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံးသည့်အတွက် အထွက်နှုန်းပိုမိုကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် မိုးနေကြာ ၉၄၅ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ပြီး လက်ရှိအချိန်အထိ ၂၅၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလတစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ် ၅၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လ

အတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

" ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေကို အောက်တိုဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာကို လိုက်ခဲ့တာပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ဆန်ကွဲဝယ်လိုအားတက်ခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ကုန်းလမ်းကြောင်းကနေ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ အဆင်ပြေပါတယ်"ဟု ဓနုဖြူမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉,၀၀၀ ဈေးပေါက်နေကြောင်း၊ဆန်ကွဲများတင်ပို့ရောင်းချအားတက်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရာသီပေါ် မြေပဲများစတင်ဝင်ရောက်



မန္တလေးမြို့အတွင်းသို့ မြေပဲထွက်ရှိရာဒေသများဖြစ်သည့် ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်မှ ရာသီပေါ်မြေပဲများ ဝင်ရောက်လျက် ရှိပါသည်။

၆ ဘီးကား ၂ စီးမှ ၃ စီးခန့် ပွဲရုံများသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး မြေပဲများကိုပွဲရုံများမှတစ်ဆင့် လက်လီဆိုင်များသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြကြောင်း သိရသည်။

မြေပဲများကို အမျိုးမျိုးအသုံးပြု၍ရပြီး မြေပဲတောင့်ကိုပြုတ်စား၍သော်လည်းကောင်း၊ မြေပဲလှော်အဖြစ်လည်းကောင်း၊ မြေပဲအဆန်ကို ဆီကြိတ်၍သော်လည်းကောင်း၊ ကြော်စား၍သော်လည်းကောင်း၊ မြေပဲယိုအဖြစ်လည်းကောင်း၊ မြေပဲကြိတ်ဖတ်ကို တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း အသုံးပြုလျက်ရှိကြသည်။

ယခင်နှစ် မြေပဲဈေးနှုန်း အနေဖြင့် မြေပဲအတောင့်တစ်ပြည်လျှင် ၁၆၀၀ ကျပ်၊ တစ်တင်းလျှင် ၂၅,၀၀၀ကျပ်၊ မြေပဲအဆန်တစ်ပိဿာလျှင် ၅၈၀၀-၆၀၀၀ကျပ်၊မြေပဲဆီတစ်ပိဿာလျှင်၁၁,၀၀၀-၁၂,၀၀၀ ကျပ်၊ ယခုနှစ် မြေပဲဈေးနှုန်းအနေဖြင့် မြေပဲအတောင့်တစ်ပြည်လျှင် ၃၅၀၀ကျပ်၊တစ်တင်းလျှင် ၅၆,၀၀၀ကျပ်၊မြေပဲအဆန်တစ်ပိဿာလျှင် ၈၀၀၀ကျပ်၊ မြေပဲဆီတစ်ပိဿာလျှင် ၁၈,၀၀၀ကျပ်ဖြင့် အရောင်းဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ယခုနှစ်သည် ယခင်နှစ်ကထက် ဈေးနှုန်းပိုရရှိကြောင်း မြေပဲအဆန်များကို ပွဲရုံများမှတဆင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချကြောင်း မြေပဲစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

**Source : DOCA ( မန္တလေး )**

https://www.doca.gov.mm/

## ကန့်ဘလူမြို့နယ်တွင် ဒေသထွက်နဂါးမောက်သီးများ အဝင်နည်း၍ ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော နဂါးမောက်မျိုးများမှာ အပြင်အခွံအနီရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုး၊ အပြင်ခွံအနီရောင်နှင့် အတွင်းသားအနီရောင်ရှိသောမျိုး၊ အပြင်ခွံအဝါ ရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုးတို့ဖြစ်ကြသည်။

ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ၊ အင်ကြင်းစုကျေးရွာနှင့် အခြားနေရာများတွင် နဂါးမောက်သီးများကို မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ ၊ နဂါးမောက်သီးသည် မေလမှ အောက်တိုဘာလအထိ ၇- ၈ ကြိမ်ခန့်ခူးဆွတ်ရပြီး တစ်နှစ်လျှင် ၅ လ- ၆လ ခန့် ဝင်ငွေရနိုင်သော စီးပွားရေးတွက်ခြေကိုက်သည့် ဥယျာဉ်ခြံထွက်သီးနှံတစ်ခုဖြစ်သည်။


ယခုချိန်သည် နဂါးမောက်သီးရာသီကုန်ဆုံးချိန်ဖြစ်သဖြင့် ဈေးကွက်အတွင်းအဝင်နည်း၍ အရောင်းအဝယ်သွက်ကြောင်း၊ ကန့်ဘလူမြို့ သစ်သီးဆိုင်များတွင် ရောင်းချနေသော နဂါးမောက်သီး အသေးတစ်လုံးလျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ နှင့် အကြီးတစ်လုံးလျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သစ်သီးရောင်းဝယ်ရေးဆိုင်များက သိရသည်။

**Source : DOCA (စစ်ကိုင်း)**

https://www.doca.gov.mm/

TIR

## မုံရွာမြို့၏ ရာသီစာ သြဇာသီး ဈေးနှုန်းဈေးကွက်



ယခု ၂၀၂၄ နှစ် ဆောင်းရာသီအစ စက်တင်ဘာလမှ စတင်၍ ယခုအောက်တိုဘာလကုန်ရက်များအထိ ရာသီစာဖြစ်သောဒေသထွက် သြဇာသီးများမုံရွာမြို့သစ်သီးဈေးကွက်သို့ပေါ်များစွာဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သြဇာသီးများကို မုံရွာမြို့နယ်ဒေသတစ်ဝိုက်ရှိ ကျေးရွာများတွင် အိမ်ခြံဝိုင်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ခင်းများအပြင် စီးပွားဖြစ်စိုက်ပျိုးသူများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ်တွင် သြဇာသီးစိုက်ပျိုးသော တောင်သူများအနေဖြင့် သြဇာသီးများ၏ ထွက်ရှိမှုကောင်းမွန်သကဲ့သို့ ဈေးကောင်းရသောကြောင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

သြဇာသီး အကြီးတစ်လုံးလျှင် ၁၅၀၀ကျပ်၊ အလတ်စားအရွယ်တစ်လုံးလျှင် ၁၀၀၀ ကျပ်နှင့် အသေးစားအရွယ် လုံး (ပယ်) များကို ၇၀၀ကျပ်မှ ၅၀၀ ကျပ်အထိ ဈေးနှုန်းအမျိုးအစားများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA (စစ်ကိုင်း)**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံအတွင်းရှိ စားသုံးဆီထုတ်လုပ်သူများအား လက်လီဈေးနှုန်းများကို ထိန်းထားရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထား

ထိုင်းနိုင်ငံအတွင်း စားသုံးဆီထုတ်လုပ်သူများ၏ ထုတ်လုပ်သည့် ကုန်ကျစရိတ်အပေါ် သက်ရောက်သည့် အချက်များ မရှိသဖြင့် လက်လီဈေးနှုန်းကို မြင့်တက်ခြင်းမပြုရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

ပဲပုပ်ဆီထုတ်လုပ်သူများက ပဲပုပ်ဆီပုလင်းများ၏ ဈေးနှုန်းများမြင့်တက်ရန် စီစဉ်လျက်ရှိသည့် သတင်းထွက်ပေါ်လာပြီးနောက် ပဲပုပ်ဆီဈေးနှုန်း မြင့်တက်ခြင်းမပြုရန် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက ပဲပုပ်ဆီနှင့် ဖွဲနုဆီထုတ်လုပ်သူများ အသင်းသို့ အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ ဈေးနှုန်းမြင့်တက်ခြင်း၊ သိုလှောင်ခြင်းနှင့် ယင်းထုတ်ကုန်များကို ရောင်းချရန် ငြင်းပယ်ခြင်းများတွေ့ရှိပါက ကုန်စည်နှင့်ဝန်ဆောင်မှုဈေးနှုန်းဥပဒေ ၁၉၉၉ ကို ချိုးဖောက်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် ဈေးနှုန်းမြင့်မားခြင်း သို့မဟုတ် မမျှတသည့်ပုံစံများ တွေ့ရပါက ဦးစီးဌာန၏ Hotline နံပါတ် ၁၅၆၉ သို့ တိုင်ကြားနိုင်ကြောင်း၊ ဦးစီးဌာနသည် လက်လီလက်ကားဆိုင်များနှင့်ပူးပေါင်း၍ ကုန်ပစ္စည်းများကို ဈေးနှုန်းလျှော့ချစေရေး/ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ပြောကြားခဲ့ပါသည်။

ဦးစီးဌာနသည် ပြည်နယ်စီးပွားရေးရုံးများနှင့် ပူးပေါင်း၍ ပဲပုပ်ဆီ ဈေးနှုန်းမြင့်တက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ စားအုန်းဆီနှင့်စပ်လျဉ်း၍ လက်ကျန်ပစ္စည်းများသည် စားသုံးရန်နှင့် လောင်စာထုတ်လုပ်ရန်လုံလောက်သောကြောင့် ရောင်းဈေးကိုတတ်နိုင်သမျှထိန်းထားရန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စားအုန်းဆီကြိတ်ခွဲအသင်းနှင့် ပူးပေါင်း၍ လက်ကျန်ကို ထိန်းထားရန်နှင့် စားသုံးသူများအတွက် ဈေးနှုန်းချိန်ဆမှုကို နှောင့်နှေးစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီဈေးနှုန်းကို တည်ငြိမ်စေရေးအတွက် ပို့ကုန်များကိုရပ်ဆိုင်းထားရန်လည်း အသင်းအနေဖြင့် သဘောတူပါကြောင်း၊ ဈေးနှုန်းမြင့်တက်မှုကို ကာကွယ်ရန်အတွက် ဈေးကစားသူများသည် ထောင်ဒဏ် ၇ နှစ် သို့မဟုတ် ငွေဒဏ် ဘတ် ၁၄၀,၀၀၀ သို့မဟုတ် ဒဏ် နှစ်ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း ဦးစီးဌာနပြောရေးဆိုခွင့်ရှိသူ Mr. Wittaya Maneenet က ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## စင်္ကာပူ၏ ၅ခုမြောက်အကြီးမားဆုံး ရေထွက်ကုန်တင်ပို့သူအဖြစ် ဗီယက်နမ်ဆက်လက်ရပ်တည်



ယခုနှစ်၏ ပထမ ၉ လတာကာလတွင် ဗီယက်နမ်သည် စင်္ကာပူ၏ ၅ ခုမြောက်အကြီးဆုံး ရေထွက်ကုန်တင်ပို့သူ အဖြစ် ရပ်တည်ခဲ့ကြောင်း စင်္ကာပူရှိ ဗီယက်နမ်ကုန်သွယ်ရေးကပြောကြားခဲ့သည်။

ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း စင်္ကာပူသည် အမေရိကန်ဒေါ်လာ ၆၃၅ ဒသမ ၂၄ သန်းတန်ဖိုးရှိသည့် ရေထွက်ကုန်များအား နိုင်ငံနှင့် ဒေသ ၁၀၀ နီးပါးမှ တင်သွင်းခဲ့ပြီး ၂၀၂၃ခုနှစ်၏ တူညီသည့်ကာလထက် ၄ ဒသမ ၅၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။

ထိုကာလအတွင်း စင်္ကာပူသို့ ရေထုတ်ကုန်များတင်ပို့သည့် ထိပ်တန်းနိုင်ငံများမှာ မလေးရှားက ဈေးကွက်ဝေစု၏ ၁၃ ဒသမ ၄၂ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား ၁၀ ဒသမ ၉၈ ရာခိုင်နှုန်း၊ နော်ဝေ ၁၀ ဒသမ ၃၄ ရာခိုင်နှုန်း၊ တရုတ် ၉ ဒသမ ၈၁ ရာခိုင်နှုန်း၊

ဗီယက်နမ် ၉ ဒသမ ၂၂ ရာခိုင်နှုန်း နှင့် ဂျပန် ၈ ဒသမ ၄၂ ရာခိုင်နှုန်း တို့ဖြစ်ကြောင်းသိရသည်။

စင်္ကာပူရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး အကြီးအကဲဖြစ်သူ Cao Xuan Thang က အထက်ဖော်ပြပါအချက်အလက်များသည် စင်္ကာပူဈေးကွက်တွင် ဗီယက်နမ်ရေထွက်ကုန်များ၏ အရေးပါသောနေရာနှင့် အခန်းကဏ္ဍကိုသရုပ်ပြနေကြောင်း၊ စင်္ကာပူ တွင် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းနှင့် အသုံးစရိတ်လျှော့ချလာမှုသည် ဗီယက်နမ်အပါအဝင် တင်ပို့သူများအတွက် အဓိက စိန်ခေါ်မှုဖြစ်နေကြောင်းနှင့် နိုင်ငံများသည် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်ကျစရိတ်လျှော့ချခြင်း၏ အားသာမှုကိုရယူခြင်းသည် စင်္ကာပူသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ကြီးမားသောယှဉ်ပြိုင်နိုင်စွမ်းကို ဖန်တီးနိုင်မည်ဟုပြောကြားခဲ့သည်။

သို့သော် ဈေးကွက်ဝေစုတည်ငြိမ်စွာမြင့်တက်ရန်နှင့် စင်္ကာပူသို့ ရေထွက်ကုန်တင်ပို့မှုတန်ဖိုးနှင့် အဆင့်မြှင့်တင်ရန်အတွက် ဗီယက်နမ်သည်ထုတ်ကုန်အရည်အသွေးဆက်လက်တိုးတက်ရန်လိုအပ်ကြောင်းသိရသည်။

Source:VietnamPlus

**DOCA ( ရန်ကုန်)**

https://www.doca.gov.mm

## STOCK EXCHANGE (6.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,069 (Shares) | 31,647,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 84 | 705,600 | 33,109,694 | 278,121 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 6,963 | 22,902,050 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 35 | 294,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 250 | 485,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,800 | 2,850 | 2,800 | 181 | 511,100 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 940 | 1,569,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 1,616 | 5,181,200 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.87 | +1.33 | +0.34% | 394.33 | 395.21 | 393.20 | 10,069 | 31,647,950 | 8 | 744,789 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 10,079 (Shares) | 31,997,950 (MMK) |

## Main Board

As of 1:00 pm, 6th Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,069 (Shares) | 31,647,950 (MMK) |

| MYANPIX | 394.87 ▲ 1.33 |
|---|---|
| Total Volume (shares) | 10,069 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |